(၈) လေးလုံးအထိမ်းအမှတ်အတွက် ဘန်ကောက်ရှိ စစ်အစိုးရသံရုံးနှင့် UN ရုံးအရှေ့တွင် ဆန္ဒပြ

လွတ်လပ်သော မွန်သတင်းအေဂျင်စီ
ဩဂုတ်လ ၈ ရက်၊ ၂၀၀၃ ခုနှစ်။

ယနေ့ ကျရောက်သော (၁၅) နှစ်မြောက် မြန်မာနိုင်ငံ ဒီမိုကရေစီအရေးတော်ပုံကြီးအထိမ်းအမှတ် မြန်မာအတိုက် အခံပြာချို့သည် ဘန်ကောက်မြို့ရှိ မြန်မာစစ်အစိုးရ၏ သံရုံးနှင့် ကုလသမဂ္ဂအဆောက်အဦအရှေ့တွင် ဆန္ဒပြခဲ့ကြပါသည်။

ကုလသမဂ္ဂတွင် နိုင်ငံရေး ခိုလှုံခွင့် တောင်းယူခဲ့ကြသော မြန်မာ့အတိုက်အခံ (၂၀) ယောက်ကျော်သည် ဒီကနေ့ မနက် (၁၀) နာရီကျော်ကျော်တွင် ဆန္ဒပြခဲ့ကြပါသည်။

မြန်မာ၊ မွန်၊ ကရင် တိုင်းရင်းသားပေါင်းစုံ စုပေါင်းပါဝင်သော မြန်မာအတိုက်အခံများသည် မြန်မာသံရုံးအရှေ့တွင် မြန်မာနိုင်ငံကို ဒီမိုကရေစီစနစ်သို့ပြောင်းလဲပေးရန် စာတမ်းဖတ် ဆန္ဒပြတောင်းဆိုခဲ့ပါသည်။

ဆန္ဒပြသူ (၂၀) ယောက်ကျော်တို့သည် ‘‘မြန်မာနိုင်ငံကို ဒီမိုကရေစီနိုင်ငံအဖြစ်သို့ ချက်ချင်း ပြောင်းလဲပေးရေး၊ နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရေး’’ စသည်ဖြင့် စာတမ်းဖတ် တောင်းဆိုခဲ့ကြပါသည်။ ဒါ့အပြင် ၄င်းအထဲတွင်ပါဝင်သော တိုင်းရင်းသားတို့သည်လည်း မိမိတို့လူမျိုးအတွက် အခွင့်အရေး တန်းတူရရှိရေး၊ မိမိတို့ နိုင်ငံရေးခေါင်းဆောင်အကျဉ်းသားများ လွှတ်ပေးရေးတို့အတွက် ဆန္ဒပြတောင်းဆိုခဲ့ပါသည်။

အတိုက်အခံတို့၏ ဆန္ဒပြတောင်းဆိုမှုကြောင့် မြန်မာစစ်အစိုးရသံရုံးမှ မည်သို့မျှ တုန့်ပြန်ခြင်းမရှိဘဲ တံခါးပိတ်ထားခဲ့ပါ သည်။

မိနစ် (၂၀) ကျော် ဆန္ဒပြပြီးနောက် နံနက် (၁၀) နာရီ မိနစ် (၃၀) တွင် အတိုက်အခံများသည် ကုလသမဂ္ဂရုံးရှေ့တွင် သွားရောက် ထပ်မံ ဆန္ဒပြတောင်းဆိုခဲ့ပါသည်။

မိနစ် (၃၀) ကျော် ဆန္ဒပြတောင်းဆိုပြီးနောက် ဆန္ဒပြသူများသည် မိမိနေရာသို့ ပြန်သွားကြကြောင်းသိရသည်။ ယနေ့တွင် ကျရောက်သော (၈) လေးလုံး ဒီမိုကရေစီ အရေးတော်ပုံကြီးအတွက် ဘန်ကောက်မြို့တွင် ဆန္ဒပြရန် အတိုက်အခံ များက များစွာပြင်ဆင်ထားခဲ့သော်လည်း ကုလသမဂ္ဂ ဒုက္ခသည် ခိုလှုံခွင့်ကဒ်ရှိသူများကိုသာ ထိုင်းအစိုးရအာဏာပိုင်တို့ က ဆန္ဒပြခွင့် ပေးသောကြောင့် ယခုနှစ်ဆန္ဒပြပွဲတွင် အားပျော့ခဲ့သည်ဟု ဆန္ဒပြသူတို့က ဆိုပါသည်။